# ဖလူးကြီးကျေးရွာ

# မြဝတီမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇ – ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဖလူးကြီးကျေးရွာ၊ မြဝတီမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကူညီရေးဆွဲသည်)

၂၀၁၇ခုနှစ်၊ဩဂုတ်လ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **ဖလူးကြီးကျေးရွာ သယံဇာတပြမြေပုံ၊ မြဝတီမြို့နယ်** | ၅ |
| | | |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၆ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၆ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၆ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၇ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၈ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၈ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၈ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၈ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၉ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၉ |
| ၆။ | **ပညာရေး** | ၉ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၀ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၀ |
| ၉။ | **ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ** | ၁၁ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့်  အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၂ |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၅ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၆ |
| | **နောက်ဆက်တွဲ (၃)** ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၁ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၅၈ |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | ၆၀ |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | ၆၂ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၇/၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၀၂၂ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင်လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ ဦးစားပေးစီမံချက် အဆိုပြုလွှာ စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဩဂုတ်လ၊၂၀၁၇

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဖလူးကြီးကျေးရွာ
မြဝတီမြို့နယ်

## ဖလူးကြီးကျေးရွာ သယံဇာတပြမြေပုံ၊မြဝတီမြို့နယ်



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ဖလူးကြီးကျေးရွာသည် ကရင်ပြည်နယ် ၊ မြဝတီခရိုင်၊ မြဝတီမြို့နယ်၏ **ဖလူးကျေးရွာ** အုပ်စုတွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် **သောင်းရင်းမြစ်၊** အနောက်ဘက်တွင်ရသေ့ဂူကျေးရွာ၊ မြောက်ဘက်တွင် ဖလူးလေးကျေးရွာ တောင်ဘက်တွင် **ကျောက်ခက်ကျေးရွာ**စသည်တို့ တည်ရှိနေပါသည်။ကျေးရွာတွင်ကရင်၊ ဗမာ၊ ရခိုင်စသည့် တိုင်းရင်းသားများ စုပေါင်းနေထိုင်ကြပြီး ရခိုင်လူမျိုးမှာ လူနည်းစု ဖြစ်ပါသည်။ လူဦးရေစုစုပေါင်း (၁၂၁၆) ဦး ရှိပြီး စုစုပေါင်းအိမ်ထောင်စု (၂၅၄) စု ဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရွာသီဥတုမှာ အပူပိုင်းရာသီဥတုဖြစ်ပြီး၊ အပူအအေးမျှတမှု ရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၂၆၆) ဧကနှင့်ယာမြေ/တောင်ယာမြေ(၁၄၇၇) ဧက စုစုပေါင်း(၁၇၄၃) ဧကရှိပါသည်။ အိမ်ခြံမြေများတွင်လည်း ရာသီအလိုက် ဟင်းသီး ဟင်းရွက်ပင်များကို အနည်းအကျဉ်း စိုက်ပျိုးကြပါသည်။ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ သဘာဝပေါက်ပင်များလည်း ပေါက်ရောက်မှု ရှိပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

**ဖလူးကြီးကျေးရွာ၏အဖွဲ့အစည်းများမှာ အုပ်ချုပ်ရေး အဖွဲ့** (ကျား - ၆ + မ - ၅ ဦး)၊ဂေါပကအဖွဲ့(ကျား-၁၀ဦး)နှင့် ပရဟိတအဖွဲ့(ကျား - ၂၀ဦး + မ - ၁၅ဦး) **အဖွဲ့(၃)ဖွဲ့ ရှိပါသည်။ ထိုအဖွဲ့အစည်းမှ ကျေးရွာအတွက် ပညာရေး၊ ငွေကြေး၊ ကျန်းမာရေး၊ ဘာသာရေး၊ စိုက်ပျိုးမွေးမြူရေး၊ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေး စသည့် လိုအပ်သည့်နေရာများတွင် အကောင်းဆုံးကူညီ ပံ့ပိုးပေးပါသည်။ ဖလူးကြီးကျေးရွာ တွင် ကျေးရွာအတွက် တက်ကြွစွာ ဆောင်ရွက်မည့် အဖွဲ့အစည်းများစွာ လိုအပ်နေပါသည်။**

ကျေးရွာအတွင်း အုပ်ချုပ်ရေးအဖွဲ့၊ ဂေါပကအဖွဲ့နှင့် ပရဟိတအဖွဲ့များ ရှိပါသည်။ **ဖလူးကြီးကျေးရွာတွင် ကျေးရွာ၏စိုက်ပျိုးရေးကဏ္ဍ တိုးတက်ရေးအတွက် မဲခေါင်သိပ္ပံမှ လုပ်ဆောင်ပေးနေပြီးအခြားကဏ္ဍများ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသော ပြင်ပအဖွဲ့ အစည်းများမရှိပါ။**

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ဖလူးကြီးကျေးရွာတွင် မြေယာမဲ့ (၉၇)အိမ်ထောင်စု၊၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ (၇၈) အိမ်ထောင်စု၊ ၂.၅ဧကမှ ၅ ဧကကြား တောင်သူငယ် (၂၄) အိမ်ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (၂၉) အိမ်ထောင်စု၊ ၁၂.၅ ဧက အထက် တောင်သူကြီး (၂၆) အိမ်ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့် စပါးနှင့်ပြောင်းများကို အားထားစိုက်ပျိုးကြပါသည်။ မြေယာမဲ့ အိမ်ထောင်စုများသည် စုစုပေါင်းအိမ်ထောင်စုထက် သုံးပုံနှစ်ပုံခန့်ရှိပြီး အများစုသည် နေ့စားကျပန်း လုပ်ကိုင်နေကြပါသည်။ပြည်တွင်းနှင့် ပြည်ပတွင် သွားရောက်လုပ်ကိုင်သူဦးရေ အနည်းငယ် ရှိပါသည်။

ဖလူးကြီးကျေးရွာရှိ လယ်ယာမြေများသည် မိုးရေကို အဓိကအားထား စိုက်ပျိုးကြပြီး၊ အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်မှ ရေသွင်းနိုင်သည့် ရေယာမှာ စိမ့်စမ်းရေဖြင့် စိုက်ပျိုးမြေ (၈၉) ဧကရှိပြီး ချောင်းရေမှ စိုက်ပျိုးမြေ (၆၈) ဧက ရေသွင်းစိုက်ပျိုးပါသည်။ ထိုကဲ့သို့ စိုက်ပျိုးမြေဧကများအား တစ်နှစ်ပတ်လုံး ရေသွင်းစိုက်ပျိုးနိုင်ပြီး ရေလုံလောက်မှုရှိပါသည်။ စပါးအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ (၇၀) တင်းထွက်ပြီး၊ ပြောင်းအထွက်နှုန်းမှာ တစ်ဧက ပျမ်းမျှ (၇၀)ပုံးထွက်ရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင် ထွန်စက်(၃)စီး၊ လက်တွန်းထွန်စက် (၇) စီး၊အစေ့ချကိရိယာ(၃)စီး၊ ခြွေလှေ့စက်(၉)စီး၊ ရေစုပ်စက်(၂)ခုနှင့် မြက်ရိတ်စက်(၁၃)ခုရှိပြီး စက်ကရိယာမရှိသော တောင်သူများသည် လိုအပ်သော လယ်ယာသုံးစက်ကိရိယာများကို ငှားရမ်းလုပ်ကိုင် နေကြပါသည်။

ဖလူးကြီးကျေးရွာတွင် သီးနှံများအထွက်တိုးစေရန် အခွင့်အလမ်းများအနေဖြင့် သဘာဝရေမြေ ရာသီဥတု သင့်တင့်မျှတပြီး လယ်ယာမြေအသုံးချ စိုက်ပျိုးနိုင်မှု ကောင်းမွန်ပါသည်။မျိုးကောင်းမျိုးသန့် သီးနှံမျိုးစေ့များ၊ သဘာဝမြေဩဇာ၊ အော်ဂဲနစ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားသွင်းအားစုများကို လယ်ယာမြေအတွက် ဝယ်ယူရရှိနိုင်ပါသည်။ ကျေးရွာရှိ စိုက်ပျိုးရေးတောင်သူများသည် ကောက်စိုက်၊ စပါးရိတ်၊ ပြောင်းစိုက်ခင်းများတွင်လည်း လုပ်သားရရှိနိုင်မှု အခက်အခဲမရှိပါ။ ဖလူးကြီးကျေးရွာတွင် စိုက်ပျိုးရေးနည်းပညာ ဝန်ဆောင်မှုများ အတော်အသင့် ရရှိပါသည်။ ထွက်ရှိသော သီးနှံများအား ကာလပေါက်ဈေးဖြင့် ရောင်းချနိုင်သော အနေအထားရှိပါသည်။

သီးနှံထုတ်လုပ်မှုတွင် သီးနှံပျက်စီးမှုနှင့်ရောဂါ ကျရောက်မှု အနည်းငယ် ဖြစ်ပေါ် တတ်သော်လည်း ပိုးသတ်ဆေးများ ဝယ်ယူအသုံးပြုနိုင်သဖြင့် ဆိုးဆိုးရွားရွား ပျက်စီးမှုများ မကြုံတွေ့ရပါ။ ဈေးငွေပိုင်းဆိုင်ရာနှင့် နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုများကို

အလွယ်တကူရရှိပါသည်။ လယ်များတွင် အထွက်နှုန်းနည်းပါးပြီး နည်းပညာ အားနည်းသောကြောင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ လာရောက်ဝေမျှနိုင်လျှင် အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးပြည့်ဝသော ထုတ်ကုန်များ ရရှိလာနိုင်ပါမည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၆)စုရှိပြီး နွားကောင်ရေ (၆၂) ကောင်၊ ဆိတ်မွေးမြူထားသည့် အိမ်ထောင်စု (၁)စုရှိပြီး ဆိတ် (၂၀) ကောင်၊ ဝက်မွေးမြူထားသည့် အိမ်ထောင်စု (၃၁)စုရှိပြီး ဝက်(၆၄)ကောင်၊ ကြက်မွေးမြူထားသည့် အိမ်ထောင်စု (၉၃)စုရှိပြီး ကြက်(၅၄၂)ကောင်၊ ဘဲမွေးမြူထားသည့် အိမ်ထောင်စု (၁၂)စုရှိပြီး ဘဲ(၁၀၈)ကောင်နှင့် ငါးမွေးမြူသည့်အိမ်ထောင်စု(၄)စုရှိပြီး ငါး(၁၈၄၀၀)ကောင် မွေးမြူကြပြီး တစ်ပိုင်တစ်နိုင်မွေးမြူရေးကို လုပ်ကိုင်နေကြပြီး **စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူမရှိပါ။**

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ် ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ အသိပညာများ အားနည်းကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာရှိ အိမ်ခြေ (၂၅၄) အိမ်အနက် (၁၂၆) အိမ်သည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ငန်းအဖြစ် လုပ်ကိုင်ပြီး အိမ်ထောင်စု(၁၁၄)စုသည် စိုက်ပျိုးရေးလုပ်ငန်းများတွင် အလုပ်သမားများအဖြစ်လုပ်ကိုင်ကြပါသည်။တိရစ္ဆာန်မွေးမြူရေး လုပ်ကိုင်သည့် အိမ်ထောင်စု (၃)စုသည် အဓိကလုပ်ငန်းအဖြစ် မွေးမြူကြပြီး ယာဉ်၊စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး လုပ်ကိုင်သည့်အိမ်ထောင်စု(၁)စုသည် အဓိကလုပ်ငန်းအဖြစ် လုပ်ကိုင်ကြပြီး၊ ကုန်စုံဆိုင်လုပ်ငန်းအဖြစ် လုပ်ကိုင်သည့် အိမ်ထောင်စု(၆)စုသည် အဓိကလုပ်ငန်းအဖြစ် လုပ်ကိုင်ကြပြီး အိမ်ထောင်စု(၃)စုသည် ကုန်စုံဆိုင်များတွင် အလုပ်သမားအဖြစ် လုပ်ကိုင်ကြပါသည်။ ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး လုပ်ငန်တွင် အလုပ်သမားအဖြစ် လုပ်ကိုင်သည့် အိမ်ထောင်စု(၁)စု ရှိပါသည်။အခြားသော ဒေသထွက်ကုန်များရောင်းချရန် ဈေးကွက်ကောင်းမရှိပါ။ ချေးငွေများလည်းမရရှိပါ။ အသက်မွေးဝမ်းကျောင်း နည်းပညာဆိုင်ရာ အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း

အလွန်နည်းပါး လှပါသည်။ အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာ တတ်မြောက်မှု မရှိခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးရခြင်း ဖြစ်ပါသည်။ ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိမှုလည်း အားနည်းပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် ပြင်ပမှ လာရောက်လုပ်ဆောင်ပေးနေသည့် ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ မရှိပါ။ကျေးရွာအတွင်း ငွေချေးပေးသူများ၊ မိတ်ဆွေနှင့် ဆွေမျိုးများဆီမှ အတိုးနှုန်းကြီးစွာဖြင့် ချေးငှားနိုင်ကြပါသည်။ ထို့ကြောင့်အတိုးနှုန်းသက်သာသော ကာလရှည်ချေးငွေများ ရရှိရန် လိုလားကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် စက်ဘီး (၂၄) စီး၊ မော်တော်ဆိုင်ကယ် (၁၅၁) စီး၊ သုံးဘီးဆိုင်ကယ် (၂)စီး၊ထော်လာဂျီ (၃၂) စီး၊ ကား (၆၃)စီးနှင့် နွားလှည်း(၂)စီးတို့ဖြင့် သယ်ယူပို့ဆောင်ရေး ကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

ကျေးရွာအတွင်းတွင် မြေသားလမ်းများလမ်းရှိပြီး မြေသားလမ်းများမှာ မိုးတွင်း ကာလများတွင် လမ်းများပေါ်သို့ရေကျော်ပြီး ဗွက်များချိုင့်များဖြစ်ကာ သွားလာရ အဆင်မပြေမှုများရှိနေပါသည်။ကျေးရွာမှကိုယ်ထူကိုယ်ထစနစ်ဖြင့် ပြန်လည် ပြုပြင်မွမ်းမံမှု များရှိ၍ ရာသီမရွေး သွားလာနိုင်ပါသည်။ဖလူးကြီးကျေးရွာတွင် တံတားများ မရှိပါ။ ရေကြောင်းဖြင့် သယ်ယူပို့ဆောင်ရေး အသုံးမပြုပါ။ ကုန်းလမ်းခရီးကိုသာ အဓိကထား အသုံးပြုပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် ဆိုလာစနစ်ဖြင့်အသုံးပြုသူ အိမ်ထောင်စု(၁၅၁)စုနှင့် ဒီဇယ်အင်ဂျင် အသုံးပြုသူ အိမ်ထောင်စု(၁၆)စုရှိပြီး လျှပ်စစ်မီးမရရှိသော ကျေးရွာဖြစ်ပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဖလူးကြီးကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၂၄၅) လုံး၊ ရေဒီယို (၁၃) လုံး၊တီဗွီ (၁၃၀)လုံးနှင့် ဂြိုလ်တုစလောင်း (၁၁၇)လုံးတို့ရှိနေပြီး ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည်မရှိပေ။

၆။ ပညာရေး

ကျေးရွာပိုင် မူလတန်းကျောင်းတွင် မူလတန်းအဆင့် ပညာရေးကို သင်ကြားနိုင်ပြီး မင်းလက်ပံကျေးရွာနှင့် နီးသောကြောင့် အလယ်တန်းအဆင့်နှင့် အထက်တန်း အဆင့် ပညာရေးကို မင်းလက်ပံကျေးရွာတွင် ဆက်လက်သင်ယူနိုင်ကြပါသည်။ မူလတန်း ကျောင်းတွင် ကျောင်းဆောင်တစ်ခုသာရှိပြီး မိမိတို့ကျေးရွာမှ ကျောင်းသားများ သာပညာ သင်ကြားနေကြပါသည်။ကျောင်းသားများအတွက် အိမ်သာများရှိသော်လည်း အိမ်သာများ ပျက်စီးနေသဖြင့် အခက်အခဲများဖြစ်နေသောကြောင့် ပြန်လည်ဆောက်လုပ်ပေးရန် လိုအပ် နေပြီဖြစ်ပါသည်။ ထို့ပြင် ကျောင်းသုံးပရိဘောဂများမှာလည်း လုံလောက်မှုမရှိပါ။ ကလေး များထိရောက်စွာ ပညာသင်ယူနိုင်ရန်အတွက် အစိုးရခန့် ဆရာမ(၄)ဦးရှိပါသည်။

ကျေးရွာတွင် စာမတတ်သည့် လူဦးရေအများစုမှာ သက်ကြီးရွယ်အိုများဖြစ် ကြပါသည်။ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၅၉.၆၉) ရာခိုင်နှုန်း အထိ များပြားခြင်းနှင့် အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၁၃.၅၄) ရာခိုင်နှုန်း၊ အထက်တန်းအဆင့် စာတတ်မြောက်သူများမှာ (၃.၁၆) ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်သူမှာ (၀.၇၂) ရာခိုင်နှုန်းတို့ ရှိခြင်းကြောင့် ကျေးရွာ၏ပညာရေး ကဏ္ဍတိုးတက်မှု နည်းနေသည်ဟု ဆိုနိုင်ပါသည်။ ဖလူးကြီးကျေးရွာ၌ မူလတန်းပြီးပါက ကျောင်းထွက်သော ကျောင်းသားများမရှိပါ။ အလယ်တန်းနှင့်အထက်တန်းပညာ ဆက်လက် သင်ကြားနိုင်ရန်အတွက် မင်းလက်ပံ (သို့) မြဝတီမြို့သို့ သွားရောက်၍ သင်ကြားရာတွင် မိဘများအနေဖြင့် သုံးဘီးအငှား ဆောင်ရွက်ပေးရခြင်း၊ ဆိုင်ကယ်ဝယ်ပေးနေရခြင်းများဖြင့် အပိုသုံးငွေ အကုန်အကျ ခံကြရပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် လိုအပ်သည့် ကာကွယ်ဆေးများအားကျန်းမာရေးဦးစီးဌာနမှ ကျေးရွာအထိနှစ်စဉ်နှစ်တိုင်း လာရောက်ထိုးပေးလျှက်ရှိပြီး၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ကျေးရွာရှိ ကလေးသူငယ်များအား ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး လာရောက်ထိုးနှံ ပေးခဲ့ပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိသည့်အတွက်ကြောင့် မင်းလက်ပံကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ခံယူရလျက် ရှိပါသည်။မြဝတီမြို့နှင့်နီးသောကြောင့် အရေးပေါ်အခြေအနေတွင် မြဝတီ မြို့နယ်ဆေးရုံကြီးသို့အလွယ်တကူ ပို့ဆောင်ပေးနိုင်သဖြင့် ကျန်းမာရေးဝန်ဆောင်မှုနှင့် ပတ်သက်သည့် အခက်အခဲများ အထူးတလည် မရှိပေ။

ကျေးရွာတွင် သောက်သုံးရေများကို လက်တူးတွင်းများဖြင့် အဓိကထား အသုံးပြုကြသော်လည်း စိမ့်စမ်းရေသွယ်ပြီးသုံးစွဲလျက်ရှိပါသည်။ နွေရာသီတွင် ရေတွင်းများမှာ ရေခမ်းသဖြင့် သန့်ရှင်းသောသောက်သုံးရေ လုံလောက်မှုရှိစေရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်တူးတွင်း (၁၀)တွင်းတူးဖော် ဆောင်ရွက်ပေးထားပါသည်။ ကျေးရွာတွင် သန့်ရှင်းသောယင်လုံအိမ်သာများကို အသုံးပြုသည့် အိမ်ထောင်စုအများအပြားရှိပြီး မသန့်ရှင်းသောယင်လုံအိမ်သာ အသုံးပြုသည့် အိမ်ထောင်စုများလည်း ရှိနေပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဖလူးကြီးကျေးရွာတွင် လက်လုပ်လက်စားကျပန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုအနည်းငယ်ရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက် ပို၍ ထိခိုက်ခံစားရလွယ်ကူနိုင်ပါသည်။

ဖလူးကြီးကျေးရွာ၏ အရှေ့ဘက်တွင် သောင်းရင်းမြစ်ရှိသဖြင့် သဘာဝဆေးဖက်ဝင်အပင်များနှင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များ အနည်းငယ်ရှိပါသည်။ မိုးရာသီတွင် ငှက်ဖျားရောဂါဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ တိရိစ္ဆာန်ရောဂါများသည် ရာသီကူးပြောင်းမှုများတွင်ဖြစ်ပေါ်သော ခွာနာ၊ လျှာနာရောဂါနှင့် ကြက်၊ ဝက်တုပ်ကွေးရောဂါများ ဖြစ်ပွားမှု အနည်းငယ် ရှိပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဖလူးကြီးကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများပါဝင်မှု မရှိသော်လည်း ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရော ပူးပေါင်းလုပ်ဆောင်ကြပါသည်။ အမျိုးသမီးအကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာအသိပညာများအားနည်းကြပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့်  အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် – ဖလူး | | | ကျေးရွာအမည် – ဖလူးကြီး | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၁ | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး | ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် အခြားအထောက်အကူပြုကော်မတီများစနစ်တကျ ဖွဲ့စည်းခြင်း။ | |
| ၂ | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး | စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ စာရင်းကိုင်စသည့် သင်တန်းများ စီစဥ်ဆောင်ရွက်ခြင်း။ | |
| ၃ | စိုက်ပျိုးရေး | နည်းပညာ | မျိုးကောင်းမျိုးသန့် ထုတ်လုပ်နည်း သင်တန်းများ  ဆောင်ရွက်ခြင်း။ | |
| ၄ | စိုက်ပျိုးရေး | နည်းပညာ | မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဥ်ခြင်း။ | |
| ၅ | စိုက်ပျိုးရေး | နည်းပညာ | ပိုးမွှား၊ ရောဂါ ကာကွယ်နှိမ်နှင်းရေး နည်းပညာသင်တန်း/ဟောပြောပွဲများ စီစဥ်ဆောင်ရွက်ခြင်း။ | |
| ၆ | စိုက်ပျိုးရေး | ဈေးကွက် | စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ်ဆောင်နိုင်ရန် စီးပွားရေး အမြင်ဖွင့်သင်တန်းများ ပြုလုပ်ခြင်း။ | |
| ၇ | စိုက်ပျိုးရေး | ဈေးကွက် | ဈေးကွက်ဆန်းစစ်ခြင်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန် ဈေးကွက်သို့ တက်လှမ်းခြင်း။ | |
| ၈ | မွေးမြူရေးနှင့်ငါးလုပ်ငန်း_မွေးမြူရေးဆေးပညာ | တိရိစ္ဆာန် မွေးမြူရေး | မြို့နယ် မွေး/ကုဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများနှင့် ဝန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။ | |
| ၉ | ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား_အလတ် | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | အသေးစား/အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများ စီစဥ်ခြင်း။ | |

| ကျေးရွာအုပ်စုအမည် – ဖလူး | | | ကျေးရွာအမည် – ဖလူးကြီး | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | မှတ်ချက် |
| | စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ | | | |
| ၁၀ | ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား_အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | စိတ်ပါဝင်စားသော မိသားစုများအတွက် ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ စီစဉ်ခြင်း (ကွန်ပျူတာ၊ ဘာသာစကား၊ စက်ချုပ်၊ မုန့် မျိုးစုံ၊ စက်ပြင်၊ ဆိုင်ကယ်ပြင်) | |
| ၁၁ | ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား_အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | ထုတ်ကုန်များအတွက် စုပေါင်းဈေးကွက် ရှာဖွေခြင်း။ | |
| ၁၂ | ငွေကြေး | အသေးစား | အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့် လိုအပ်ချက်များပြင်ဆင်ခြင်း။ | |
| ၁၃ | ငွေကြေး | အသေးစား | အသက်မွေးဝမ်းကျောင်း လုပ်ငန်းပေါ်မူတည်၍ အတိုးနှုန်းနည်းပြီး ကာလရှည် ထုတ်ချေးပေးနိုင်မည့် ချေးငွေနေရာများနှင့် ချိတ်ဆက်ခြင်း။ | |
| ၁၄ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | နှစ်ခန်းတွဲအိမ်သာ (၁) လုံး တည်ဆောက်ခြင်း၊ အိမ်သာအဟောင်းများ ပြုပြင်ခြင်း။ | |

| ကျေးရွာအုပ်စုအမည် – ဖလူး | | | ကျေးရွာအမည် – ဖလူးကြီး | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၁၅ | ပညာရေး | ကျောင်းအဆောက်အဦ၊<br>ပရိဘောဂ၊<br>သင်ထောက်ကူ | ကျောင်းသုံးပရိဘောဂများ လုံလောက်စွာ ဖြည့်တင်းခြင်း။ | |
| ၁၆ | ပညာရေး | ကျောင်းအဆောက်အဦ၊<br>ပရိဘောဂ၊<br>သင်ထောက်ကူ | ကျောင်းခြံစည်းရိုး (၃၂၂') အား အုတ်တံတိုင်း+ ကွန်ကရစ်တိုင်နှင့်<br>ချိန်းလိပ်သံဇကာဖြင့် ကာရန်ခြင်း။ | |
| ၁၇ | ပညာရေး | ကျောင်းအဆောက်အဦ၊<br>ပရိဘောဂ၊<br>သင်ထောက်ကူ | အားကစားကွင်း ပြင်ဆင်ခြင်းနှင့် အားကစားပစ္စည်းများ ဖြည့်တင်းခြင်း။ | |
| ၁၈ | ပညာရေး | ကျောင်းအဆောက်အဦ၊<br>ပရိဘောဂ၊<br>သင်ထောက်ကူ | နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာ (၁) လုံး ဆောက်လုပ်ခြင်း။ | |
| ၁၉ | ကျန်းမာရေး | ကျန်းမာရေးပညာပေး၊<br>ကျောင်းကျန်းမာရေး | ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ စီစဉ်ပေးခြင်း။ | |
| ၂၀ | ကျန်းမာရေး | သားဖွားဆရာမ၊<br>ကျေးလက်<br>ကျန်းမာရေးမှူး စသည် | ကျန်းမာရေးလုပ်သားများ မွေးထုတ်ပေးခြင်း။ | |

| ကျေးရွာအုပ်စုအမည် – ဖလူး | | | ကျေးရွာအမည် – ဖလူးကြီး | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၂၁ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း (၄၅၀' × ၁၆' × ၆") အားမြေသားလမ်းမှ ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | ဆောင်ရွက်ပြီး |
| ၂၂ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရေကာတာလမ်း (၁၇၀၀' × ၁၂' × ၆" ) ကို ကျောက်ခင်းလမ်းအဆင့်မှ ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၂၃ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရွာလယ်လမ်း အပိုင်း – ၂ (၄၀၀' ×၁၂' × ၆") ကို ကျောက်ခင်းလမ်းအဆင့်မှ ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၂၄ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရွာပတ်လမ်း (၂၄၂၈' × ၁၂' × ၆") ကို ကျောက်ခင်းလမ်းအဆင့်မှ ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၂၅ | အခြေခံအဆောက်အဦ | သောက်သုံးရေ | သောက်သုံးရေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးများအတွက် ရေပိုက်များပြန်လည်ပြင်ဆင်ရန် ၂" ပိုက်လုံး (၅၀၀) လုံး လိုအပ်ခြင်း။ | |
| ၂၆ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | လမ်းနံဘေးတစ်လျှောက် ရေနုတ်မြောင်းများ (၃၈၈၂') အား တူးဖော်ခြင်း။ | |
| ၂၇ | လျှပ်စစ် | မိသားစုသုံးဆိုလာ | ကျေးလက်ဦးစီးဌာန၏ ဆိုလာဖြန့်ဖြူးမှု အစီအစဉ်နှင့် ချိတ်ဆက်တင်ပြခြင်း။ | |
| ၂၈ | လျှပ်စစ် | မဟာဓာတ်အားလိုင်း | လျှပ်စစ်မီးရရှိရန်သက်ဆိုင်ရာ ဦးစီးဌာန/ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့်ချိတ်ဆက်ခြင်း။ | |
| ၂၉ | လူငယ်နှင့်အားကစား | လူငယ်အခွင့်အလမ်း | ရပ်ရွာဖွံ့ဖြိုးရေးများတွင် အသိပညာ၊ အတတ်ပညာများ ရရှိနိုင်ရေး ဖွံ့ဖြိုးရေးလူငယ်အဖွဲ့တစ်ခု ဖွဲ့စည်းလုပ်ဆောင်ခြင်း။ | |

| ကျေးရွာအုပ်စုအမည် – ဖလူး | | | ကျေးရွာအမည် – ဖလူးကြီး | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၃၀ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | ကျေးရွာပိုင် ဗဟုသုတ လေ့လာရေး စင်တာတစ်ခု တည်ထောင်ခြင်း။ | |
| ၃၁ | လူငယ်နှင့်အားကစား | အားကစား | အား/ကာဦးစီးဌာနနှင့် ချိတ်ဆက်၍ လူငယ်များအတွက် အားကစားပစ္စည်းများ ဖြည့်တင်းခြင်း။ | |
| ၃၂ | လူငယ်နှင့်အားကစား | အမျိုးသမီး | အမျိုးသမီးများအား တရား ဥပဒေဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။ | |
| ၃၃ | သယံဇာတနှင့်သဘာဝ ဝန်းကျင် | သဘာဝဘေး လျော့ချရေး | သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများအား ချိတ်ဆက်ခြင်း။ | |

## ဖလူးကျေးရွာအုပ်စု၊ ဖလူးကြီးကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးစောဖိုးချစ် | ဦးမောင်အေး | ၃/မဝတ (နိုင်) ၀၄၉၃၄၃ | ၄၁ | ဥက္ကဋ္ဌ | ၀၉-၄၂၈၉၆၆၃၉၆ |
| ၂ | ဦးစောချစ်သန်း | ဦးဟန်စိန် | ၃/ကကရ (နိုင်) ၀၀၁၂၄၀ | ၄၁ | အတွင်းရေးမှူး | ၀၉-၄၄၉၅၁၄၈၇၇ |
| ၃ | ဒေါ်ကမွှီးဖေါ | ဦးစောဖိုးချစ် | ၃/မဝတ (နိုင်)၀၅၂၅၂၈ | ၂၆ | စာရင်းကိုင် | ၀၉-၄၅၆၈၆၇၂၄၉ |
| ၄ | ဦးစောနိုင်ဦး | ဦးလှဝင်း | ၃/မဝတ (နိုင်) ၀၄၄၅၅၀ | ၂၃ | ဘဏ္ဍာရေးမှူး | ၀၉-၄၄၉၅၁၄၈၉၉ |
| ၅ | ဒေါ်အဲ့တောဖေါ | ဦးကြာခင် | ၃/ကကရ (နိုင်) ၀၆၆၈၃၈ | ၃၈ | သော့ကိုင် | ၀၉-၄၅၈၂၅၀၀၃၄ |
| ၆ | ဒေါ်နန်းခင်သန်းညွန့် | ဦးဝိမလ | ၃/ကကရ (နိုင်) ၀၈၃၉၇၅ | ၄၃ | သော့ကိုင် | ၀၉-၄၅၀၃၆၁၆၄၅ |
| ၇ | ဦးတင်မောင်ထွန်း | ဦးဘလှ | ၃/ကကရ (နိုင်)၁၁၄၉၄၄ | ၄၆ | အဖွဲ့ဝင် | ၀၉-၄၄၈၇၇၁၁၁၇ |
| ၈ | ဦးစောရှိုးလင်း | ဦးသာဒူး | ၃/ကကရ (နိုင်) ၁၅၂၀၃၁ | ၃၁ | အဖွဲ့ဝင် | ၀၉-၄၅၃၃၉၉၉၇၁ |
| ၉ | ဦးစောမျိုးမင်းသိန်း | ဦးစောနေဖေါ | ၃/ကကရ (နိုင်) ၂၄၉၀၀၀ | ၂၃ | အဖွဲ့ဝင် | ၀၉-၄၄၁၈၉၇၈၂၅ |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁ | ၂ | ၃ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၉ | ၁၀ | ၁၉ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၃၈ | ၃၅ | ၇၃ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၆၅ | ၅၆ | ၁၂၁ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၆၆ | ၄၉၀ | ၉၅၆ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်အို | ၂၃ | ၁၆ | ၃၉ |
| **စုစုပေါင်း** | | **၆၀၇** | **၆၀၉** | **၁၂၁၆** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၂၅၄** | | |

**ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။**

**လေ့လာတွေ့ရှိချက်။** ။ဖလူးကြီးကျေးရွာသည် အိမ်ထောင်စု(၂၅၄)စုရှိပြီး လူဦးရေ(၁၂၁၆)ဦးရှိ ပါသည်။ကျေးရွာတွင် အလုပ်လုပ်နိုင်သည့် လူဦးရေမှာ(၇၉%)ရှိသောကြောင့် လူစွမ်းအားအရင်း အမြစ်ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ မူလတန်းနှင့် အလယ်တန်း ကျောင်းနေရွယ် လူဦးရေ ကိုလည်းသိရှိရသောကြောင့် ကျောင်းနေရွယ်ကလေးတိုင်း ကျောင်းနေနိုင်ခြင်း ရှိ/မရှိကိုလည်း အလွယ်တကူနှိုင်းယှဉ်သိရှိနိုင်မည်ဖြစ်ပါကြောင်း လေ့လာ တွေ့ရှိရပါသည်။

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၂၆ | ၃၅၀ | - | မြင့်☐လတ်✓နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၁၄ | ၂၉၁ | - | မြင့်☐လတ်✓နိမ့်☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၉ | - | မြင့်☐လတ✓်နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | - | မြင့်☐လတ်✓နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆ | ၂၀ | - | မြင့်☐လတ်✓နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၆ | - | မြင့်☐လတ်✓နိမ့်☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | - | မြင့်☐လတ်✓နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ကျပန်း /ရာသီအလိုက် အလုပ်သမား | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | စုစုပေါင်း | ၂၅၄ | ၆၇၈ | - | ☒ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။"အခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူများ" အရေအတွက်တွင်" **မိသားစုဝင်လုပ်အား"ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ "**ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)**" ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင် အခွင့်အလမ်း ရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ –"**စိုက်ပျိုးရေး**" ကဏ္ဍ ၏ "**ကိုယ်ပိုင်လုပ်ငန်း**" တွင်ရပ်တည်နိုင်မှု"**မြင့်**" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။ ။ဖလူးကြီးကျေးရွာသည် အိမ်ထောင်စု(254)စုရှိသည့်အနက် လယ်ယာ စိုက်ပျိုးရေးကို ကိုယ်ပိုင်လုပ်ကိုင်သည့်အိမ်ထောင်စုထက် အငှားလုပ်ကိုင်သည့် အိမ်ထောင်စုသည် ပိုမိုများနေခြင်းကြောင့် လုပ်သားအင်အားရှားပါးမှုမရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။**

**(ခ–၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၃၅၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | - | - | - | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅) (၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ဖလူးကြီးကျေးရွာသည် စိုက်ပျိုးရေးကို အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်ကြပြီး လက်လုပ်လက်စားများသည်လည်း စိုက်ပျိုးရေး အငှားလုပ်ငန်းဖြင့် အသက် မွေးဝမ်းကျောင်း ပြုကြပြီးလုပ်အားခနှုန်းထား သတ်မှတ်ချက်၌ အမျိုးသမီးနှင့် အမျိုးသားများ တန်းတူညီမျှ ရရှိကြပါသည်။ အများဆုံး လုပ်အားခနှုန်းထားသည်(၅၀၀၀) ကျပ်ဖြစ်ပြီး အနည်းဆုံး လုပ်အားခနှုန်းထားသည် (၃၅၀၀)ကျပ်

ဖြစ်ပါသည်။ ပြင်ပတွင် သွားရောက်လုပ်ကိုင်သူများ၏ လုပ်ငန်းများကိုမသိရှိသောကြောင့် လုပ်အားခပမာဏကို မသိရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၂၆၆ | ကောင်း ☐ သင့် ✓ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၁၄၇၇ | ကောင်း ☐ သင့် ✓ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စုစုပေါင်း | ၁၇၄၃ | ☒ |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင် လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေး လုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ဖလူးကြီးကျေးရွာတွင် လယ်မြေ(266)ဧက၊ ယာမြေ(၁၄၇၇) ဧကရှိပါသည်။ လယ်ယာမြေအနေဖြင့် မြေဆီလွှာအရည်အသွေး သင့်တင့်မျှတသော ကျေးရွာလည်းဖြစ်ပါသည်။ လယ်မြေနှင့်ယာမြေများတွင်သီးနှံများနှစ်သီးစား စိုက်ပျိုး နိုင်ပါသည်။လယ်မြေနှင့်ယာမြေများတွင် စပါးနှင့်ပြောင်းတို့ကိုအဓိကထား စိုက်ပျိုးကြပါ ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ☐ သင့်☐ နည်း☐ မရှိ✓ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ✓ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ☐ သင့်✓ နည်း☐ မရှိ☐ | လွယ်✓ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ☐ သင့်☐ နည်း☐ မရှိ✓ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ✓ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ☐ သင့်☐ နည်း☐ မရှိ✓ | ☒ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ဖလူးကြီးကျေးရွာပိုင် အနက်အတွင်း တွင်းထွက် သယံဇာတများမရရှိပါ။ ကျေးရွာအတွက် ကျောက်အနည်းငယ် ထုတ်ယူသုံးစွဲနိုင်ပါသည်။ သဘာဝ အပင်မျိုးစိတ်များ အနေဖြင့်နွား၊ဆိတ် စသောတိရိစ္ဆာန်များအတွက် လွတ်ကျောင်းရန် အစာအနည်းငယ်ရရှိနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း(သို့) |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| | | | | မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၃၅ | ၄၃ | ၆၉ | ၁၀၇ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ဖလူးကြီးကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု အနည်းငယ်သာရှိပြီး ကိုယ်ပိုင်စိုက်ပျိုးရေးနှင့် ဈေးဆိုင်လုပ်ငန်းများ လုပ်ကိုင်ကြသည်။ မပြေလည်သော အိမ်ထောင်စုများသည် စိုက်ပျိုးရေး လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ အလွန်မပြေလည်သော အိမ်ထောင်စု များသည် ကောက်စိုက်၊ပျိုးနုတ်စသည့် ရာသီလိုက်ကြုံရာကျပန်းလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်း လုပ်ကိုင်ကြပါကြောင်း လေ့လာတွေ့ရှိရပါသည်။

## (င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား= ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ= ___________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား= ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ= ___________ |
| ၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား= ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ= ___________ |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။.........................................................................

.........................................................................................

.........................................................................................

.........................................................................................

.........................................................................................

.........................................................................................

(၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | – | – | – |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | – | – | – |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | – | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | – | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | – | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဖလူးကြီးကျေးရွာတွင် ကူညီစောင့်ရှောက်မှုအထူးလိုအပ်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ မရှိသော်လည်း အများစုသည် ဆွေမျိုးတော်စပ်ကြသော ကြောင့် အရေးပေါ်ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦးဝိုင်းဝန်းကူညီကြပါကြောင်း လေ့လာ တွေ့ရှိရပါသည်။

(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၇ | လျှော | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဖလူးကြီးကျေးရွာတွင် သဘာဝဘေးအန္တရာယ်ဆိုးဆိုးရွားရွား အခြေအနေမျိုးမရှိပါ။ ကျန်းမာရေးနှင့်ပတ်သက်၍ မိုးရာသီတုပ်ကွေးဖျားနာခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း၊ တစ်ခါတရံတွင်ငှက်ဖျားရောဂါ စသည်တို့ ဖြစ်ပွားတတ်ပါသည်။ အခြားသောရောဂါများဖြစ်ပွားမှုမရှိပါ။ ဖလူးလေးကျေးရွာသည် မြဝတီမြို့နှင့် ဆက်သွယ်သော ဗျူဟာလမ်းမပေါ်တွင် တည်ရှိသောကြောင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် □လတ် □နိမ့်□မရှိ ✓ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် □လတ် □နိမ့်✓မရှိ □ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် □လတ် □နိမ့်✓မရှိ □ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် □လတ် □နိမ့်□မရှိ ✓ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် □လတ် □နိမ့်✓မရှိ □ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် □လတ် □နိမ့်□မရှိ ✓ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် □လတ် □နိမ့်□မရှိ ✓ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် □လတ် □နိမ့်✓မရှိ □ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် □လတ် □နိမ့်□မရှိ ✓ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် □လတ် ✓နိမ့်□မရှိ □ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် □လတ် □နိမ့်□မရှိ ✓ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် □လတ် □နိမ့်□မရှိ ✓ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ✓လတ် □နိမ့်□မရှိ □ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် □လတ် □နိမ့်□မရှိ ✓ |
| ၁၅ | ဆေးစွဲသူများ | မြင့် □လတ် □နိမ့်□မရှိ ✓ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် □လတ် □နိမ့်□မရှိ ✓ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် □လတ် □နိမ့်□မရှိ ✓ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် □လတ် □နိမ့်□မရှိ ✓ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် □လတ် □နိမ့်✓မရှိ □ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် □လတ် □နိမ့်□မရှိ ✓ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဖလူးကြီးကျေးရွာတွင် မူးယစ်ဆေးဝါးရောင်းချမှုများ မရှိသဖြင့် ကျေးရွာတွင်းရှိ လူငယ်လူရွယ်များအတွက် စိတ်အေးစရာအနေအထား ဖြစ်ပါသည်။ ကျေးရွာတွင် လက်လုပ်လက်စား ကျပန်းမိသားစုများရှိ၍ အလုပ်အကိုင်အခွင့်အလမ်း အလွန်နည်းပါးပါသည်။ ယခုလက်ရှိအနေအထားတွင် မိရိုးဖလာ

စိုက်ပျိုးရေးလုပ်ငန်းအား လုပ်ကိုင်၍အေးချမ်းစွာ နေထိုင်ကြသဖြင့်ငြိမ်းချမ်းမှုရှိသော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။ ကျေးရွာသူ၊ ကျေးရွာသားများသည် စည်းစည်းလုံးလုံးနှင့် အတူတကွနေထိုင်ကြသဖြင့် ပြည်တွင်းပဋိပက္ခများမရှိပါ။ ရွှေ့ပြောင်းလုပ်သား အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် လူကုန်ကူးမှုမရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | အုပ်ချုပ်ရေးအဖွဲ့ | ၁☐ ၂✓ ၃☐ | ၆ | ၅ | ၁၁ | ပညာရေး✓ငွေကြေး✓ ကျန်းမာရေး✓ဘာသာရေး ✓ စိုက်ပျိုးမွေးမြူရေး ✓ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး✓ | ကောင်း ☐ သင့် ✓ ညံ့ ☐ |
| ၂ | ဂေါပကအဖွဲ့ | ၁☐ ၂☐ ၃✓ | ၁၀ | - | ၁၀ | ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး ✓ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | ကောင်း ☐ သင့် ✓ ညံ့ ☐ |
| 3 | ပရဟိတအဖွဲ့ | ၁☐ ၂✓ ၃☐ | ၂၀ | ၁၅ | ၃၅ | ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ | ကောင်း ☐ သင့် ✓ ညံ့ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| | | | | | | သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး | ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ဖလူးကြီးကျေးရွာ၏အဖွဲ့အစည်းများမှာ အုပ်ချုပ်ရေးအဖွဲ့၊ ဂေါပကအဖွဲ့နှင့် ပရဟိတအဖွဲ့များရှိပါသည်။ထိုအဖွဲ့အစည်းမှကျေးရွာအတွက် ပညာရေး၊ ငွေကြေး၊ ကျန်းမာရေး၊ ဘာသာရေး၊ စိုက်ပျိုးမွေးမြူရေး၊ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေးစသည့်လိုအပ်သည့်နေရာများတွင် အကောင်းဆုံး ကူညီပံ့ပိုးပေးပါသည်။ ဖလူးကြီးကျေးရွာတွင် ကျေးရွာအတွက် တက်ကြွစွာဆောင်ရွက်မည့် အဖွဲ့အစည်းများစွာလိုအပ်နေပါကြောင်း လေ့လာတွေ့ရှိနေရပါသည်။

## (က–၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | မဲခေါင်သိပ္ပံ (စိုက်ပျိုးရေးအဖွဲ့) | ၁☐ ၂✓ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး☐ငွေကြေး✓<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

